***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

## အပိုင်း ၃၊ အခန်း ၆ - ပြန်လည် ကုစား ပေးလျော်မှု **reparations**

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်တန်းပြီးဆုံးသွားချိန်တွင် သင်တန်းသားများအနေဖြင့် ဖြစ်သင့်သည်မှာ

- ပြန်လည် ကုစား ပေးလျော်မှုများရနိုင်သည့်လမ်းကြောင်းများချမှတ်ခြင်း
- လုံလောက်သည့်ကုစားနည်းနှင့်နစ်နာမှုအတွက် ပြန်လည် ကုစား ပေးလျော်မှုများ
- ထိခိုက်နစ်နာမှုအန္တရာယ်အမျိုးမျိုးအတွက်မည်သည့်သတင်းအချက်အလက်များ စုဆောင်းရမည်ကိုသတ်မှတ်ရန်နှင့်မည်သို့စုဆောင်းရန်

**သင်တန်းကြာမြင့်ချိန်အတွက်အကြံပြုခြင်း** ၄၅ မိနစ် မှ ၆၀ မိနစ်

- **လေ့ကျင့်ခန်း** ပြန်လည် ကုစား ပေးလျော်မှုများ ပေးရန်ခိုင်လုံသောနည်းလမ်းများကိုပိုင်းခြားစိပ်ဖြာခြင်း(၃၀-၄၅

မိနစ်၊အဖွဲ့လိုက်ဆောင်ရွက်ရန်နှင့်ပြန်ပြောရန် feedback)

နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်သက်ဆိုင်သောအပိုင်းများ

စာမျက်နှာ ၇၄-၈၃၊ အခန်း ၂- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုသဘောပေါက်ခြင်း၊အခန်း -၃ တာဝန်ခံမှုလမ်းကြောင်းများနှင့်ကုစားနည်းများ၊ အခန်း ၄- တဦးချင်း၏ပြစ်မှုဆိုင်ရာတာဝန်ရှိမှု၊အခန်း ၇- မထိခိုက်စေပါနှင့် Do No Harm၊ အခန်း-၁၀ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသက်သေခံအမျိုးအစားများ၊ နောက်ဆက်တွဲ၁ - သက်သေခံ လေ့ကျင်ခန်း လက်စွဲစာအုပ်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ဤအပိုင်းတွင် ပြန်လည် ကုစား ပေးလျှော်မှုများအတွက်အခြေခံမှုများချမှတ်ပေးပြီး၊ ပြန်လည် ကုစား ပေးလျှော်မှုအတွက်CARSVကျူးလွန်ခံရသူများအပေါ်ကျရောက်ခဲ့သည့်ထိခိုက်မှုနှင့်အန္တရာယ်ကိုအလုံးစုံမှတ်တမ်းသွင်းရန်မည်သည်တို့လိုအပ်သည်ဆိုသည့် မူဘောင်ကိုသင်တန်းသားများကို ပို့ချပေးသည်။ ဥပဒေပိုင်းဆိုင်ရာနောက်ဆုံးသင်ခန်းစာအပိုင်းဖြစ်ပြီး အခန်း ၄ - (တဦးချင်း၏ပြစ်မှုဆိုင်ရာတာဝန်ရှိမှု )နှင့် အခန်း-၅ (အစိုးရတာဝန်)ကိုပံ့ပိုးပေးထားသည်။ CARSVကျူးလွန်ခံရသူများကို ပြန်လည် ကုစား ပေးလျှော်ခြင်းသည်အမှန်တရားပေါ်ပေါက်ရေး၊တရားမျှတမှုရရှိရေး၊ပြန်လည်ပြုပြင်ရေးနှင့်နောင်တွင်ထပ်မံကျူးလွန်ခြင်းမရှိရန်အာမခံစေသည့်လုပ်ငန်းစဉ်၏တစိပ်တဒေသဖြစ်ကြောင်း သင်တန်းဆရာမှ မီးမောင်းထိုးပြသင့်သည်။ အကြမ်းဖက်မှု၏အကြောင်းရင်းခံကိုရှာဖွေရန်ကြိုးစားသည့် ပြန်လည် ကုစား ပေးလျှော်ခြင်းနှင့်လူမှုဘဝအပြောင်းအလဲဖြစ်စေခြင်းသည်ကျူးလွန်ခံရသူ၏ဂုဏ်သိက္ခာကိုပြန်လည်ဆည်ယူရာရောက်သကဲ့သို့ ခွန်အားလည်းဖြစ်စေသည်။

ယခုသင်တန်းတွင်ထိရောက်သည့်အချက်အလက်များပေးနိုင်ရန်ဤအပိုင်းနှင့်အခြားဥပဒေဆိုင်ရာအပိုင်းများ( အခန်း ၃-၆)ကို သင်ကြားသည့်သင်တန်းဆရာ သည်ဥပဒေပညာနောက်ခံရှိသူဖြစ်သင့်သည်။ ထို့အပြင် ယခုအပိုင်းအတွက် သင်တန်းဆရာသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊နှင့်ရင်းနှီးသူဖြစ်သင့်ပြီး CARSV ကျူးလွန်ခံရသူများနှင့် အခြားကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများအတွက် အသုံးပြုနိုင်သည့် နစ်နာကြေးဆိုင်ရာမူဝါဒများနှင့် လမ်းညွှန်ချက်ကိုလည်း ရင်းနှီးသူဖြစ်သင့်သည်။ ပြန်လည် ကုစား ပေးလျှော်ခြင်းအတွက်လူ့အခွင့်အရေးဆိုင်ရာပဋိညာဉ်များ၊စီရင်ထုံးဥပဒေနှင့်နိုင်ငံတကာဆောင်ရွက်သည့်လိုက်နာရန်အလေ့အကျင့်များကိုလုပ်ထုံးလုပ်နည်းဆိုင်ရာ အခန်း ၆ တွင်ဖော်ပြထားသည်။ သင်တန်းဆရာသည်သင်တန်းသားများအတွက်အကြောင်းအရာ နှင့် ပြန်လည် ကုစား ပေးလျှော်ခြင်းအတွက် ကိုးကားနိုင်သည့် ဥပဒေမူ ဘောင်နှင့် ဆက်စပ်သောလိုက်နာရန်အလေ့အကျင့်ကို ရှာဖွေထားသည့်သည်။ (ဥပမာ- နစ်နာကြေးသည်ပြစ်မှုဆိုင်ရာတရားရုံးများမှတိုက်ရိုက်စီရင်ချက်ချနိုင်ခြင်းရှိ/မရှိနှင့်အကယ်၍မရှိခဲ့ပါကကျူးလွန်ခံရသူကတရားမဆိုင်ရာနစ်နာကြေးတောင်းခံလျှောက်ထားခြင်းမပြုမီသို့မဟုတ်တရားမဆိုင်ရာအရေးယူမှုကိုလွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်းမပြုမီပြစ်မှုထင်ရှားသည့်အချက်လို/မလို၊နှင့်၊ နစ်နာကြေး/ပြန်လည် ကုစား ပေးလျှော်ခြင်းရလိုသောကျူးလွန်ခံရသူများသို့မဟုတ် နစ်နာကြေးပေးရန်/ပြန်လည် ကုစား ပေးလျှော်ခြင်းအမိန့်ကိုအကောင်အထည်ဖော်ခြင်း အတွက် - စရိတ်၊ရုံးပိုင်းဆိုင်ရာအဆင့်များအဆမတန်များပြားနေခြင်း၊ယုံကြည်စိတ်ချရမှုမရှိ၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်ရှုပ်ထွေးခြင်းစသည်..ကဲ့သို့မည်သည့်ဥပဒေဆိုင်ရာနှင့်/သို့မဟုတ် လက်တွေ့ဆန်သည့်အတားအဆီး များ)

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

"အန္တရာယ်မဖြစ်ပါစေနှင့် Do No Harm"မူဝါဒသည် ပြန်လည် ကုစား ပေးလျော်ခြင်း သဘောတရားနှင့်နီးစပ်စွာချိတ်ဆက်နေပြီး၊နောက်ထပ်ထိခိုက်အန္တရာယ်ကျရောက်ခြင်းမှကာကွယ်ပေးနေသော ပြန်လည် ကုစား ပေးလျော်ခြင်းလုပ်ငန်းစဉ်အဆင့်တိုင်းတွင်ပါဝင်နေသူများအားလုံးကိုလမ်းညွှန်ပြသင့်သည်။ထို့အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းမှာ- ပြန်လည် ကုစား ပေးလျော်ခြင်းမှတဆင့် ရှေ့သို့တလှမ်းတိုးပြီး၊ ယခင်ကရှိခဲ့သည့် ကျား-မ gender တန်းတူ မညီမျှမှုများကို ဖြေရှင်းခြင်းနှင့်အကြမ်းဖက်မှုဖြစ်ရခြင်း/ကိုဖြစ်စေသော အခြား ခွဲခြားနှိမ်ချဆက်ဆံရေး နှင့်၎င်းတို့၏ဂယက်၊ CARSVကျူးလွန်ခံရသူများကို နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းအစီအစဉ်များ၌ကြိုတင်ပါဝင်ခွင့်နှင့်လုပ်ပိုင်ခွင့်များရသည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအထိသွားနေခြင်းဖြစ်သည်။

နိုင်ငံတကာဥပဒေအရအကျိုးရှိထိရောက်မှုရှိသည့်ကုစားခွင့်ရပိုင်ခွင့်၏အခွင့်အရေးမှမည်သည်ကိုဖြစ်ပေါ်စေသည်နှင့်မည်သူကအကျိုးခံစားနိုင်သည်စသည့်ဥပဒေမူဘောင်ကိုယခုအပိုင်းတွင်ပထမဦးစွာပြထားသည်။ သင်တန်းဆရာက၊သင်တန်းသားများကိုဆလိုက်များတွင်ပြထားသည့်မေးခွန်းများကိုသေချာစွာစဉ်းစားရန်တိုက်တွန်းပြီးဆလိုက်များတွင်ပါဝင်သည့်အချက်အလက်များကိုထုတ်မပြမီသက်ဆိုင်သည့်ကိစ္စရပ်များကိုတွေးစေသင့်သည်။သင်တန်းချိန်တလျှောက်နှင့်လေ့ကျင့်ခန်းလုပ်ချိန်တွင်သက်ဆိုင်ရာနယ်ပယ်အလိုက်သူတို့၏နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းအပေါ် နားလည်မှုနှင့်အတွေ့အကြုံသည်နိုင်ငံတကာအဆင့်အတန်းနှင့်နှိုင်းယှဉ်လျှင်မည်သို့ရှိသည်၊အမှန်အသွားအလာ အရမည်သည့်အပြောင်းအလဲများလိုအပ်သည်ကိုဝေဖန်ပိုင်းခြားတွေးတောရန်သင်တန်းသားများအချင်းချင်း ဆွေးနွေးသည်ကိုသင်တန်းဆရာကကူညီပေးသင့်သည်။

ဆလိုက်၃နှင့် ၄ နောက်ပိုင်းတွင် ယခုအပိုင်း၏သင်ခန်းစာအချက်အလက်များကို အဓိက ၃ပိုင်းခွဲထားသည်။ ပထမပိုင်းသည်CARSVကျူးလွန်ခံရသူများ(ဆလိုက်၅-၆)အတွက်နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းရနိုင်သည့်လမ်းကြောင်းများဖြစ်ပြီး၊ ဆက်လက်၍ နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းအတွက်သော့ချက်ဖြစ်သည့်မူများနှင့် နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းပုံစံများ(ဆလိုက် ၇- ၁၅) နှင့်နောက်ဆုံးပိုင်းမှာမှတ်တမ်းသွင်းရန် မတူညီသည့်ထိခိုက်အန္တရာယ်အမျိုးမျိုးနှင့်၊CARSVအနေဖြင့်ကျူးလွန်သူများအပေါ်သက်ရောက်မှုနှင့်သူတို့၏ နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းဆိုင်ရာလိုအပ်ချက်များ အလုံးစုံပါဝင်ရန်အတွက်ရှာဖွေရမည့် အချက်အလက်များဖြစ်သည်။(ဆလိုက် ၁၆-၁၇)

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ပထမပိုင်းတွင်နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းအတွက်လမ်းကြောင်းများ(ဆလိုက်၅-၆)နှင့်ပတ်သက်၍သင်တန်းဆရာသည်
အဓိက အချက်များကိုအထူးပြုပြောသင့်သည်မှာအောက်ပါတို့ဖြစ်သည်။

- CARSVကျူးလွန်ခံရသူများသည်ပြည်တွင်း၊ဒေသတွင်းသို့မဟုတ်နိုင်ငံတကာအဆင့်တွင်နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ခြင်းပုံစံအမျိုးမျိုးတောင်းခံနိုင်ကြသည်။ CARSVကျူးလွန်သူ(များ)ထံမှသာမကကုမ္ပဏီ၊သို့မဟုတ်အခြားတာဝန်ရှိသည့်အဖွဲ့အစည်းနှင့်သို့မဟုတ်တာဝန်ရှိသည့်အစိုးရများထံမှလည်းနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုပုံစံအမျိုးမျိုးတောင်းခံနိုင်သည်။
- ကျူးလွန်ခံရသူများသည်နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုရယူရန်တရားစီရင်ရေးနှင့်တရားစီရင်ရေးမဟုတ်သည့်လမ်းကြောင်းများမှတဆင့်ရှာဖွေနိုင်သည်၊ နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုများကို တရားမနှင့် လူ့အခွင့်အရေးဆိုင်ရာတရားစွဲဆိုခြင်းများမှတဆင့် သို့မဟုတ် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်း၊ ပြည်တွင်းသို့မဟုတ်နိုင်ငံတကာတရားရုံးများမှတဆင့်၊တရားရုံးနှင့်တရားရေးသဘောဆောင်သောအလားတူအဖွဲ့အစည်းများနှင့်အခြားလူ့အခွင့်အရေးယန္တရားများမှတဆင့်လည်းစီရင်ဆုံးဖြတ်ချက်ချနိုင်သည်။
- အကြမ်းဖက်မှုများအကြီးအကျယ်ဖြစ်လာလျှင်၊သို့မဟုတ်ကျူးလွန်မှုတွင်ပါဝင်သည့်တာဝန်ရှိသူများကနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုကို မပေးနိုင် သို့မဟုတ် မပေးလိုလျှင်၊ ကျူးလွန်ခံရသူများအတွက် အစိုးရများက အုပ်ချုပ်ရေးပိုင်းမှနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်ရန်အစီအစဉ်များ၊ အခြားထောက်ပံ့သည့် စီမံချက်များ ချမှတ်သင့်သည်။ထိုအုပ်ချုပ်ရေးပိုင်းမှနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုအစီအစဉ်များသည်CARSVနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုများအတွက်အထူးသင့်တော်ပြီးယုံကြည်စိတ်ချရမှု၊ရရန်လွယ်ကူခြင်း၊အချိန်နှင့်တပြေးညီဖြစ်ခြင်းစသည့်အကြောင်းအချက်မျိုးစုံကြောင့်အားသာချက်ရှိသည်။ သို့သော်ထိုသို့အုပ်ချုပ်ရေးပိုင်းမှနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှု ရခြင်းကြောင့် CARSV ကျူးလွန်ခံရသူများကို ထပ်ဆောင်းနစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှု ရခြင်း သို့မဟုတ် တရားရုံးမှနစ်နာကြေးပေးခြင်းတို့မှဟန့်တားပိတ်ပင်ရန်မသင့်ပါ။

ဒုတိယပိုင်း(ဆလိုက် ၇ -၁၅) မှအထူးအလေးအနက်ထားရမည့် ကုလသမဂ္ဂအခြေခံမူများနှင့်လမ်းညွှန်ချက်များ နှင့်အခြားနိုင်ငံတကာ လမ်းညွှန်ချက်များမှာ

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ကြီးမားစွာ ချိုးဖောက်ခံရသူများ၊လူသားချင်း စာနာမှုဆိုင်ရာ

နိုင်ငံတကာ ဥပဒေ ဆိုးရွားစွာ ချိုးဖောက်ခံရသူများအတွက် ကုစားမှု နှင့် ပြန်လည် ကုစား ပေးလျော်မှုဆိုင်ရာ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ကုလသမဂ္ဂ အခြေခံမူ နှင့် လမ်းညွှန်ချက်များ (၂၀၀၆)၊ ပဋိပက္ခနှင့်ဆက်နွယ်သည့်

လိင်အကြမ်းဖက်မှုများအတွက်ပြန်လည် ကုစား ပေးလျော်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ

အထွေထွေအတွင်းရေးမှူးချုပ်၏ လမ်းညွှန်မှတ်ချက် (၂၀၁၄)၊ ICC Lubangaစီရင်ထုံးအခြေခံမူများ (၂၀၁၅)

UN Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of Humanitarian Law (2006), the Guidance Note of the Secretary-General on Reparations for Conflict-Related Sexual Violence (2014), principles developed by the ICC in the Lubanga judgement (2015) နှင့်အခြားနိုင်ငံတကာလမ်းညွှန်ချက်များဖြစ်သည်။ သင်တန်းဆရာသည် အချို့အရေးကြီးအချက်များကိုအလေးထားပြောသင့်သည်

- နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုသည် ပုံစံအမျိုးမျိုးရှိနိုင်သည်၊ငွေကြေးနှင့်အလျော်အစားပေးခြင်းသက်သက်ထက် များစွာအဓိပ္ပါယ်ရှိသည်

လုံလောက်သောကုစားနည်းနှင့်နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုတွင်ပုံစံ၅မျိုးပေါင်းစပ်ပါဝင်နိုင်သည် (မူလအခြေအနေအတိုင်းပြန်လည် ပေးအပ် ခြင်း restitution ၊လျော်ကြေး၊ပြန်လည်ထူထောင်ခြင်း၊ကျေနပ်နစ်သိမ့်ခြင်းနှင့်နောင်တွင်ထပ်မံမကျူးလွန်ရန်အာမခံခြင်း)။ဤ နစ်နာကြေးပုံစံ၅မျိုးသည်တပြိုင်တည်းမဖြစ်နိုင်သည်ဟူ၍မဟုတ်ပေ၊ CARSV ကျူးလွန်ခံရသူများလိုအပ်ချက်အမျိုးမျိုးကို ဖြေရှင်းပေးနိုင်ရန် ထိုပုံစံများကအချင်းချင်းအထောက်အကူပြုနေကြသည်။

- တဦးချင်းဖြစ်စေ အများအတွက်ဖြစ်စေ၊နစ်နာမှုအတွက် ပြန်လည် ကုစား ပေးလျော်မှုသည် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိရမည်ဖြစ်ပြီး၊လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအခြေအနေကိုဖြစ်စေသည့် ကျူးလွန်သည့်ပုံသဏ္ဍာန်၊ကျူးလွန်သူများနှင့်ပတ်သက်သည့်အာဏာတည်ဆောက်ပုံမညီမျှမှုများနှင့် ကျား-မ gender တရားသေစွဲကိုင်ထားသည့်မူဝါဒ/အယူစွဲများပြဿနာကိုဖြေရှင်းနိုင်ရန်ရည်ရွယ်ရမည်။

- အစီအစဉ်ဆွဲရာတွင်CARSVကျူးလွန်ခံရသူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊နှင့်အဓိပ္ပါယ်ရှိစွာပါဝင်ဆွေး နွေးစေခြင်း၊အကောင်အထည်ဖော်ခြင်းနှင့်လေ့လာစောင့်ကြည့်ခြင်းများသည်အရေးပါသည်၊သို့မှသာ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အတည်ပြုခဲ့သည့်နည်းလမ်းများမှာကျူးလွန်ခံရသူကိုအခြေခံပြီးပါဝင်လုပ်ပိုင်ခွင့်အားဖြည့်ပေးရာ ရောက်စေမည်။

ပြန်လည် ကုစား ပေးလျော်သည့်မူဝါဒများအတွက်ဆလိုက်များနောက်ပိုင်းတွင်ပို၍အသေးစိပ်သည့်အချက်များအဖြစ်လက်တွေ့တွင် ထိုနစ်နာကြေးပေးသည့်/ပြန်လည် ကုစား ပေးလျော်သည့် ပုံစံ၅ရပ်ကဘာကိုဆိုလိုသည်ကိုကျူးလွန်သည့်သူများအတွက်ထိုက်သင့်သည့်ပြစ်ဒဏ်နှင့်အများသူငါရှေ့တွင်ဝန်ချတောင်းပန်ခြင်း၊ဝန်ဆောင်မှုပေးခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်းများပေးခြင်းမှသည်၊လုပ်ပိုင်ခွင့်နှင့်ခွန်အားဖြည့်စေမည့်လုပ်ငန်းများနှင့်သက်ဆိုင်ရာဥပဒေများနှင့်လက်တွေ့လုပ်ရပ်များတွင်အပြောင်းအလဲများ အထိပါဝင်သည်။

တတိယနှင့်နောက်ဆုံးအပိုင်း (ဆလိုက် ၁၆-၁၇) ဖွဲ့စည်ထားပုံမှာ သင်ခန်းစာ၏လက်တွေ့အပိုင်းများပြီး၊လက်တွေ့ဆောင်ရွက်နေသူများကထိခိုက်မှုအန္တရာယ်(ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ၊စိတ်ပိုင်းဆိုင်ရာ၊လူမှုရေးအပိုင်းနှင့်စီးပွားရေးထိခိုက်မှု) တို့ကိုမှတ်တမ်းသွင်းသည့်သည်၊သို့မှသာ CARSV ကျူးလွန်ခံရသူများအတွက် ကျား-မ gender အလေးထားပြီး အလုံးစုံပြည့်ဝသည့်နစ်နာကြေး/ပြန်လည် ကုစား ပေး လျော်မှု၊ သူတို့၏သီးခြားလိုအပ်ချက်များအလိုက်ဖြစ်ခြင်းနှင့်ခံစားရသည့်ထိခိုက်မှုအန္တရာယ်၏သဘာဝအလိုက်ကြီးလေးမှု့နှင့်အချိုးကျခြင်းတို့ခံစားရမည်။စေ့စပ်သေချာသည့်မှတ်တမ်းသွင်းခြင်းသည်အရေးပါသည်မှာနစ်နာကြေးအတွက်သာမဟုတ်ပဲ အချို့ရာဇဝတ်မှုများ (*“ပြင်းထန်သည့်ခန္ဓာကိုယ်သို့မဟုတ်စိတ်ထိခိုက်ခံစားရခြင်း”*ကိုဖြစ်စေခြင်းဖြင့်လူမျိုးတုန်းသတ်ဖြတ်မှုကိုကျူးလွန်ခြင်း၊ သို့မဟုတ် *“ခန္ဓာကိုယ်ဖြစ်စေ စိတ်ဖြစ်စေ ပြင်းထန်သည့် နာကျင်ခြင်းသို့မဟုတ်ခံစားခြင်းကိုဖြစ်စေသည့်*ညှင်းပန်းနှိပ်စက်ခြင်း)အတွက်သက်သေပြရန်နှင့်အမိန့်ချမှတ်ရန်အတွက်ပါအရေးကြီးကြောင်း သင်တန်းဆရာမှထပ်တလဲလဲပြောသင့်သည်။

ယခုသင်ခန်းစာအပိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းကြောင့် အပြစ်တင်ခံရပြီးနာမည်ပျက်ရသောအမျိုးသမီးနှင့်မိန်းကလေးများခံစားရသည့်စာရိတ္တပိုင်းပျက်စီးမှု့ ဒုက္ခ၊ သို့မဟုတ် ဝင်ငွေဆုံးရှုံးရခြင်း သို့မဟုတ်၊မိမိနေအိမ်သို့မဟုတ်မိသားစုပိုင်မြေတွင်သာလုပ်ကိုင်စားသောက်နေရသဖြင့်ဝင်ငွေမရှိသောကျူးလွန်ခံရသူများ၏ဝင်ငွေရှာနိုင်သည့်အလားအလာထိခိုက်မှု့စသည်ဖြင့်CARSVကျူးလွန်ခံရသူများအပေါ်သက်ရောက်ခဲ့သည့်ထိခိုက်မှုအန္တရာယ်ကိုတွက်ချက်ရာတွင်ဆက်စပ်နေသည့်စိမ်ခေါ်မှု့အခက်အခဲအချို့ကိုပါဆွေးနွေးရန်သင်တန်းဆရာမှသင်တန်းသားများကိုတိုက်တွန်းအားပေးရမည်။အချို့တရားရုံးများနှင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

တရားရေးဌာနများသည်အထက်ပါပြဿနာများကိုဖြေရှင်းရန်အကောင်းဆုံးလုပ်ဆောင်ခဲ့ကြကြောင်း သင်တန်းသားများ/ဥပဒေလုပ်ငန်းလုပ်ကိုင်နေသူများအတူယူကြစေရန်နှင့်ပို၍တရားမျှတပြီးပိုမိုလုံလောက်သည့်နစ်နာကြေး/ပြန်လည် ကုစား ပေး လျော်မှုများကို CARSVကျူးလွန်ခံရသူများ အခြားအခြေအနေတွင်လည်းရနိုင်ရန်လမ်းစဖော်ပေးသင့်သည်။
အမျိုးသားCARSVကျူးလွန်ခံရသူများအပေါ်ကျရောက်ခဲ့သည့်ထိခိုက်နစ်နာမှုအန္တရာယ်ကိုတွက်ချက်ရာတွင် ကြုံတွေ့ရသည်အခက်အခဲများကိုလည်းဖော်ထုတ်၍ဆွေးနွေးသင့်သည်။

## လေ့ကျင့်ခန်းအတွက်ညွှန်ကြားချက်များ

"နစ်နာကြေး/ပြန်လည် ကုစား ပေး လျော်ရန်ခိုင်လုံသောနည်းလမ်းများကိုပိုင်းခြားစိပ်ဖြာခြင်း"လေ့ကျင့်ခန်းအတွက်သင်တန်းဆရာသည် အခန်း ၅(အစိုးရတာဝန်)မှ "အစိုးရ၏တာဝန်ယူမှုရှိရန်ခိုင်မာသည့်အမှုတစ်ခုကိုပိုင်းခြားစိပ်ဖြာခြင်း "လေ့ကျင့်ခန်း၏အမှုကိုပင်ပြန်သုံးနိုင်သည်။အစိုးရတာဝန်နှင့်ပတ်သက်သည့်လေ့ကျင့်ခန်းညွှန်ကြားချက်များကိုသင်တန်းဆရာမှလိုအပ်သလိုပြန်လည်ညွှန်းသင့်သည်။

ယခုအပိုင်းအတွက်အချိန်နှင့်သင်တန်းသားအရေအတွက်ကိုကြည့်၍သင်တန်းဆရာမှသင်တန်းသားများကို အုပ်စုခွဲသင့်သည်(အုပ်စု၂စုကအသင့်တော်ဆုံးဖြစ်သည်)။
ယခုအုပ်စုများတွင်ပါဝင်ပုံမှာယခင်လေ့ကျင့်ခန်းများနှင့်မတူရန်နှင့်၊သင်တန်းသားများထဲမှဥပဒေပညာကျွမ်းကျင်သူများကိုလည်းအခြားသင်တန်းသားများကိုကူညီလမ်းပြပေးရန်အုပ်စုထဲတွင်ညီမျှစွာဖြန့်ပြီးထည့်ထားနိုင်ရေးကို သင်တန်းဆရာမှစီစဉ်ရမည်။ အုပ်စုများတွင်ဖွဲ့စည်းထားသည့်သင်တန်းသားများပါဝင်ပုံ သည် ယခင်လေ့ကျင့်ခန်းအတိုင်းဖြစ်နိုင်သည်။ မိမိတာဝန်ယူရသည့်ကဏ္ဍကိုသာ လဲလှယ်ရန်ဖြစ်သည်။ (ဥပမာ- အုပ်စု ၁ သည် ယခင်လေ့ကျင့်ခန်းတွင်လျှောက်ထားသူအဖြစ်ကိုယ်စားပြုဆောင်ရွက်ခဲ့လျှင် ယခုလေ့ကျင့်ခန်းတွင် လူ့အခွင့်အရေးယန္တရားအဖြစ်ကိုယ်စားပြုအဖြစ်ဆောင်ရွက်၍၊ အုပ်စု ၂ သည်ယခင်လေ့ကျင့်ခန်းတွင်လူ့အခွင့်အရေးယန္တရားအဖြစ်ကိုယ်စားပြုဆောင်ရွက်ခဲ့လျှင် ယခု လေ့ကျင့်ခန်းတွင် လျှောက်ထားသူအဖြစ်ဆောင်ရွက်ရမည်)

အမှု၏အချက်အလက်ပိုင်းဆိုင်ရာကောက်နှုတ်ချက်များကိုသင်တန်းသားများအားဝေငှပြီးသင်တန်းသားများမှလည်းဖတ်ရှုပြီးဖြစ်ရလိမ့်မည်။သင်တန်းဆရာက သင်တန်းသားများကို အချိန် ၁၅မိနစ်ပေးပြီး -

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

- သူတို့ရင်းနှီးပြီးသား ဖြစ်သည့်အမှု၏အချက်အလက်ပိုင်းဆိုင်ရာကောက်နုတ်ချက်အပေါ်တွင်အခြေခံ၍လေ့ကျင့်ခန်းဆလိုက်ပေါ်မှမေးခွန်းများကိုဖြေရန်အတွက်အသက်ဆိုင်ဆုံးစာပိုဒ်ကိုဖော်ထုတ်စေရန်

- မေးခွန်းများအတွက်အဖြေများကိုအုပ်စုအတွင်းဆွေးနွေးစေရန်၊ နှင့်

- အုပ်စုတွင်းဆွေးနွေးထားသည့်အဖြေများကိုသင်တန်းတခုလုံးရှေ့မှောက်တင်ပြရန်ကိုယ်စားလှယ်ရွေးရန်တို့ အတွက် ခွင့်ပြုရမည်။

အုပ်စုတစုစီကို မေးခွန်းတခုစီအတွက် သူတို့၏အဖြေများမှတ်သားရန် စာရွက်များ သို့မဟုတ် သင်ပုန်းအဖြူတစ်ခုပေးထားသင့်သည်။ ပထမပိုင်း ၁၅ မိနစ် ပြည့်လျှင်လေ့ကျင့်ခန်းကိုသင်တန်းတခုလုံးနှင့် ဆက်လုပ်ရမည်။ အုပ်စုမှကိုယ်စားလှယ်တစ်ဦးချင်းစီ ကိုသူ/သူမ အဖွဲ့ မှရရှိသည့်အဖြေများ သင်တန်းတခုလုံးသို့တင်ပြရန်အတွက်၅မိနစ်မှ၁၀မိနစ်ခန့်အချိန်ပေးသင့်သည်။
တင်ပြချက်တစ်ခုချင်းစီအပြီးတွင်သက်ဆိုင်ရာအုပ်စုမှသင်တန်းသားများအနေနှင့်အဖြေများအပြီးမသပ်မီ ထပ်ဖြည့်ရန်အချက်များရှိမရှိ သင်တန်းဆရာက မေးမြန်းသင့်သည်။

လေ့ကျင့်ခန်းပြီးဆုံးလျှင်စွဲဆိုချက်များနှင့်ဥပဒေအရတွေ့ရှိချက်များ၊နစ်နာကြေး/ပြန်လည် ကုစား ပေးလျော်မှုပေးရန်နည်းလမ်းများအပါအဝင်ရွေးချယ်ထားသည့်လူ့အခွင့်အရေးယန္တရား၏စီရင်ချက်များသို့မဟုတ်ဆုံးဖြတ်ချက်များမှသက်ဆိုင်ရာကောက်နုတ်ချက်များဒုတိယအစုံကို သင်တန်းဆရာမှဝေငှနိုင်သည်။
သင်တန်းသားများက
ဆုံးဖြတ်ချက်အပြည့်အစုံကိုသော်၎င်း၊စိတ်ဝင်စားလျှင်သက်ဆိုင်ရာကောက်နုတ်ချက်များမှအချက်အလက်များနှင့်ဥပဒေဆိုင်ရာအပိုင်းတို့ကိုဆက်လက်လေ့လာခြင်းဖြင့်သော်၎င်းအဆုံးသတ်နိုင်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈